ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၅၅)**

နေ့စွဲ – ၂၈. ၁၁. ၁၀

## ဘုရားသခင်၏အမိန့်ပေးခြင်းအလိုတော်နှင့်အလိုဆန္ဒရှိသောအမိန့်တော်များအကြောင်း
(God's Will of Command and Will of Decrees)

ဘုရားသခင်ထံတော်၌ ကယ်တင်ခြင်း၊ အပြစ်ဒဏ်စီရင်ခြင်းနှင့်ပတ်သက်၍ အလိုတော် တခုတည်းသာရှိကြောင်း ပြောဆိုကာကွယ်ခဲ့ကြပြီဖြစ်သည်။ ဘုရားသခင်သည် (ဧဝံဂေလိဟောခြင်းတွင်)လူသားအားလုံး ကယ်တင်ခြင်းရရန် အလိုရှိသည်၊ သို့သော် (ခွဲခန့်မှတ်သားခြင်းတွင်) အားလုံးကယ်တင်ခြင်းရရန် အလိုမရှိပါ၊ ဆိုသည်မျိုး မဖြစ်နိုင်ကြောင်း တွေ့ခဲ့ကြပြီ။

သို့သော် ဘုရားသခင့်အလိုတော်ကို အမှန်တရားနှင့်ညီစွာ ခွဲခြား၍တော့ နားလည်နိုင်ပါသည်။ ကျမ်းစာက ဘုရားသခင့်အလိုတော်ဟု ပြောသောအခါ၊ သူချမှတ်သော အမိန့်တော်များကိုသာ ပြောသည်မဟုတ်ပါ၊ သူ၏အမိန့်ပေးခြင်းကိုလည်း ပြောလေ့ရှိပါသည်။ သူ၏ အမိန့်ပေးခြင်းများသည်၊ အမိန့်တော်များနှင့် အနည်းငယ်ကွဲပြားသော်လည်း ကျွန်တော်တို့ဘဝများအတွက် သူ၏အလိုတော်များ ဖြစ်ကြပါသည်။

ဘုရားသခင်သည် သူ၏အမိန့်တော်များ၌ ကျွန်တော်တို့ဘဝများအတွက် ဆုံးဖြတ်ချက်များကို အစိုးရတော်မူစွာ ချမှတ်ဖို့ အလိုတော်ရှိပါသည်။ သူ၏ပညတ်တော်များ၌ ကျွန်တော်တို့ဘဝများအတွက် ဘာကိုလုပ်ကိုင်ရမည်ဆိုသည်ကို အမိန့်ပေးဖို့ အလိုတော်ရှိပါသည်။ ဖေက် ၁း၅ က ဘုရားသခင်၏အမိန့်တော်အလိုဆန္ဒကို ပြောပြ၍၊ မဿဲ ၇း၂၁ က သူ၏အမိန့်ပေးသောအလိုဆန္ဒတော်ကို ပြောပြပါသည်။ ဘုရားသခင့်အမိန့်တော်များက သူဘာရည်ရွယ်သနည်းဆိုသည်များကို ဖေါ်ပြ၍၊ သူ၏အမိန့်ပေးခြင်းအလိုတော်က လူသားတဦးအနေနှင့် မည်သို့အသက်ရှင်ပြုမူရမည်ကို ပြောပြပါသည်။ ဘုရားသခင်၏အမိန့်တော်များတွင် ဖြစ်ပျက်လာမည့်အကြောင်းအရာမှန်သမျှကို ကြိုတင်ခွဲခန့်ထားပါသည်။ ဘုရားသခင်၏အမိန့်ပေးခြင်းအလိုတော်တွင်မူ လူက ဘာကိုလုပ်ရမည်၊ မည်သို့ဖြစ်ရမည်တို့ကို ပြောပြပါသည်။

ထိုသို့ခြားနားမှုအား ဘုရားသခင့်ထံတွင် ဆန့်ကျင်နေသောဆန္ဒနှစ်ခုရှိနေသည် ဆိုသည့်အယူအဆကို ခုခံကာကွယ်ရန် သုံးလေ့ရှိကြသည်။ ဘုရားသခင်သည် ဧဝံဂေလိတရား ကြားရသူတိုင်း သခင်ယေရှုကို ယုံကြည်ဖို့ အမိန့်ပေး(အလိုတော်ရှိ)သည်၊ သို့သော် သူ၏အမိန့်တော်ထဲတွင် အချို့တို့ကို မယုံကြည်ရန် ချမှတ်ထား(အလိုတော်ရှိ)သည်။ ထိုသို့ပြောခြင်းသည် သက်သက်မဲ့စကားလုံးများကို ကလားဖန်ထိုးခြင်းဟု ကျွန်တော်တို့ ယုံကြည်ပါသည်။ အမိန့်ပေးတော်မူခြင်းနှင့်၊ အမိန့်တော်များသည် ခြားနားသောအကြောင်းနှစ်ခုဖြစ်သည်။ အမိန့်တော်များနှင့်ပတ်သက်၍ "အလိုရှိသည်"ဆိုသောစကားလုံးသည်၊ ဘုရားသခင်မှ ထာဝရကာလကပင် ဆုံးဖြတ်တော်မူသောအရာများကို ရည်ညွှန်းသည်။ အမိန့်ပေးတော်မူခြင်းနှင့်ပတ်သက်၍မူ၊ "အလိုရှိသည်"ဆိုသောစကားလုံးက ဘုရားသခင်လက်ခံသော၊ ဘုရားသခင်ကို ကျေနပ်စေသော အရာများကို ရည်ညွှန်းပါသည်။ ထိုအကြောင်းအရာနှစ်ခုသည် တခုနှင့်တခု မတူကြပါ၊ သို့သော် ဆန့်ကျင်ဖက်လည်း မဖြစ်ကြပါ။ ဘုရားသခင်၏အမိန့်ပေးခြင်းများသည် တခါတရံ သူ့အမိန့်တော်ချမှတ်ထားသည်များ မဟုတ်ကြပါဟု ပြော၍ရပါသော်လည်း ၄င်းတို့ကြားတွင် ဆန့်ကျင်ဖက်ဖြစ်နေခြင်း မရှိပါ၊ အဘယ်ကြောင့်နည်း? အဘယ်ကြောင့်ဆိုသော် အမိန့်ပေးခြင်းများသည် ဘာမှအာနိသင်မရှိသော စကားလုံးများ မဟုတ်ကြ၍ဖြစ်ပါသည်။ ဘုရားသခင်က သူ၏အမိန့်တော်များ ပြည့်စုံလာဖို့ အသုံးပြုသောအရာများ ဖြစ်ကြ၍ဖြစ်သည်။

ပို၍ရှင်းအောင်ပြောရလျှင် ဘုရားသခင်က တစုံတဦးကို ယုံကြည်ပါဟု အမိန့်ပေးသည့်အခါ၊ ထိုအမိန့်ပေးခြင်းက ထိုသူကို ခုခံတားဆီး၍မရနိုင်စွာနှင့် သခင်ခရစ်တော်ထံ ခေါ်သွားလျှင်ခေါ်သွား (ယော ၆း၄၄)၊ မဟုတ်ပါက သူ့ကို မယုံကြည်ခြင်းတွင် ပို၍သာ ခိုင်မာလာစေပါသည် (ရောမ ၉း၁၈၊ ၂ကော ၂း၁၅၊ ၁၆)။ ထို့ကြောင့် ဘုရားသခင်ကအမိန့်တော်များထဲတွင် ဆုံးဖြတ်ထားသည်ကို ပြည့်စုံလာစေပါသည်၊ ဆန့်ကျင်ဖက်ဖြစ်နေခြင်း မရှိပါ။

လက်တွေ့တွင်လည်း ဆန့်ကျင်ဖက်ဖြစ်နေခြင်း မရှိပါ။ ဧဝံဂေလိတရား၏အမိန့်ပေးခြင်းနှင့် တွေ့စုံရသောအခါ၊ ဘုရားသခင်က ယုံကြည်ဖို့တောင်းဆိုကြောင်းကိုသာ ကျွန်တော်တို့ သိဖို့လိုပါသည်။ ကျွန်တော်တို့ ယုံကြည်မည်လား (သို့) ပျက်ဆီးခြင်းသို့ရောက်ကြမည်လား? ဘုရားသခင်က ဘာကိုအမိန့်တော်ချမှတ်ထားကြောင်းသည် ဧဝံ

ဂေလိတရားကို ကြားရသည့်အချိန်တွင် ကျွန်တော်တို့ ဂရုပြုမည် မဟုတ်ပါ၊ သူ၏ဖြောင့်မတ်တော်မူခြင်းနှင့် မျက်နှာခြင်းဆိုင် တွေ့ရသည့်အချိန်တွင် ဂရုစိုက်ချိန်လည်း ရနိုင်မည်မဟုတ်ပါ။ ကျွန်တော်တို့သည် သူ၏ အမိန့်ပေးခြင်းများ (commands)ဖြင့် အသက်ရှိကြပါသည်၊ သူ၏အမိန့်တော်များ(Decrees)အားဖြင့် မဟုတ်ပါ။

ကျွန်တော်တို့ဘဝများအတွက် နှစ်သိမ့်ခြင်းများ၊ သေချာစိတ်ချရခြင်းများကို ရှာဖွေသောအခါတွင်သာ အမိန့်တော်များအကြောင်းကို ကျွန်တော်တို့ ဂရုပြုကြခြင်း ဖြစ်သည်။ ထိုအခါ ယုံကြည်ခြင်းနှင့်ဘုရားစကားကိုနားထောင်ခြင်းတို့သည် ဘုရားသခင့်ရွေးကောက်တော်မူခြင်းအမိန့်တော်၏ အသီးအပွင့်များဖြစ်ကြကြောင်း ကျွန်တော်တို့ တွေ့လာကြရပါသည်။ ယုံကြည်ခြင်း၊ နောင်တရခြင်း၊ သန့်ရှင်းသောအသက်တာ၌နေထိုင်ခြင်းတို့သည် ကျွန်တော်တို့၏ရွေးကောက်ခံရခြင်းကို သက်သေဖြစ်စေသောအရာများဖြစ်ကြောင်း တွေ့မြင်လာပါသည်။

## အပိုင်းကြီး (၂)

## လူနှင့်သူ၏ကမ္ဘာ(Man and His World)

### ကောင်းကင်တမန်များ(Angels)

ကျမ်းစာက ကောင်းကင်တမန်များကြောင်းကို ကောင်းကင်ဘုံအကြောင်းထက် ပို၍နည်းစွာ ပြောပြသည်။ ကျမ်းစာ အမှားလုပ်ခြင်း မဟုတ်ပါ။ ကယ်တင်ခြင်းအကြောင်း ကျွန်တော်တို့ သိဖို့လိုသမျှကို ပေးထားပါသည်။ ကျွန်တော်တို့၏ စပ်စုချင်သောစိတ် ကျေနပ်ဖို့တော့ ပြောမပြပါ။ ထို့ကြောင့် ကောင်းကင်တမန်များနှင့်ပတ်သက်၍၊ မှန်းဆကြရမည်မဟုတ်ပါ၊ ကောင်းကင်တမန်များသည် ကျွန်တော်တို့ဘဝများနှင့် ကယ်တင်ခြင်းတွင် နေရာရကြပါသည် ဆိုယုံလောက်နှင့် ကျေနပ်ကြရပါမည်။

ကောင်းကင်တမန်များသည် ဝိညာဉ်များဖြစ်ကြသည်၊ ကောင်းကင်ဘုံသည် သူတို့၏အိမ်ဖြစ်သည်ဟု သိကြရပါသည်။ ကျမ်းစာအရ ကောင်းကင်တမန်တို့၏နာမည်နှစ်ခုကိုလည်း သိရပါသည်၊ ဂါဗြေလ (ဂေဘရီအဲလ်)နှင့် မိက္ခေလ(မိုက်ကဲလ်) တို့ဖြစ်သည်။ ကောင်းကင်တမန် အမျိုးမျိုးရှိကြသည်ကိုလည်း သိရပါသည်၊ ကောင်းကင်တမန်မင်းများ(archangel)၊ ခေရုဗိန်(cherubim = ခြေရုဗင်း)၊ ဆရာဖင်း(seraphim = ဆရာယုဒသန်က "ကောင်းကင်တမန်သရုပ်"ဟုဘာသာပြန်သည်၊ ဟေရှာ ၆း၂၆) စသည်တို့ဖြစ်သည်။ သူတို့တွင် မတူသောအဆင့်အတန်းများလည်း ရှိကြပါသည်၊ ကောင်းကင်တမန်မင်းများ(archangel = chief angel = ခေါင်းဆောင်ကောင်းကင်တမန်များ) ကောလောသဲ ၁း၁၆။ သူတို့၏တာဝန်များလည်း ခြားနားကြသည်ဟု ကျမ်းစာကပြောပါသည်။ မိုက်ကယ်လ်(မိက္ခေလ) သည် ခေါင်းဆောင်၊ စစ်သူရဲ၊ မင်းသားလဲ ဖြစ်ပါသည် (ဒံ ၁၂း၁၊ ယုဒ ၉၊ ဗျာ ၁၂း၇)။ ဂေဘရီအဲလ်(ဂါဗြေလ)သည် အမြဲတမ်း သံတော်ဆင့်(သတင်းပို့သူ)အနေနှင့် တွေ့ရပါသည် (လု ၁း၁၉၊၂၆)။ ဆီရာဖင်း(ကောင်းကင်တမန်သရုပ်) တို့သည် ဘုရားသခင့်ရှေ့တော်မှောက်တွင် ဝတ်ပြုကြသူများအဖြစ်တွေ့ရသည် (ဟေရှာ ၆း၁–၄)။ ခြေရုဗင်း (ခေရုဗိန်) တို့အား ဘုရားသခင်၏ လှပခန်းနားခြင်းနှင့် ဂုဏ်ကျက်သရေတို့ကို စောင့်ရှောက်ရသူများအဖြစ် တွေ့နိုင်ပါသည် (ကမ္ဘာ ၃း၂၄၊ ထွက် ၂၅း၁၈–၂၂၊ ယေဇ ၁၀း၁–၂၀)။

ကောင်းကင်တမန် အမြောက်အများရှိသည်ဟု ကျမ်းစာကပြောပါသည်။ ဟေဗြဲ ၁၂း၂၂ က ရေတွက်၍မကုန်နိုင်အောင်များပြားလှသောကောင်းကင်တမန်များဟု ပြောပါသည်။ သို့သော် အချို့ကောင်းကင်တမန်များသည် စာတန်နှင့်အတူ ကျဆုံးခဲ့ကြပါသည် (ဗျာ ၁၂း၄)။ ထိုသို့ အချို့ကောင်းကင်တမန်များနှင့်လူတို့ ကျဆုံးရခြင်းသည် ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း၊ ငြင်းပယ်တော်မူခြင်း အမိန့်တော်ကြောင့်ဖြစ်ပါသည်။ ထို့ကြောင် ကျမ်းစာတွင် ရွေးကောက်ခြင်းခံရသော ကောင်းကင်တမန်များ(၁တိ ၅း၂၁)ဟူ၍သာ ဖတ်ရသည်မဟုတ်ပါ၊ ထာဝရသံကြိုးများဖြင့် နောက်ဆုံးသောနေ့တရားစီရင်ခြင်းခံရချိန်တိုင် ချည်နှောင်ခြင်းခံရသော ကောင်းကင်တမန်များအကြောင်းကိုလည်း ဖတ်ရပါသည် (ယုဒ ၆)။ ဟေဗြဲ ၁၂း၂၂ ကပြောသည့် ရွေးကောက်ခြင်းခံရသောကောင်းကင်တမန်များသည် ကောင်းကင်သစ်မြေကြီးသစ်၏ ဂုဏ်ကျက်သရေတွင် တစိတ်တပိုင်း ပါဝင်ရပါမည်။ ကျဆုံးသောကောင်းကင်တမန်များမှာ၊ ဆိုးညစ်သောလူသားများနှင့်အတူ ငရဲထဲသို့ ပို့ခြင်းခံကြရမည်ဖြစ်သည် (ယုဒ ၆၊ ဗျာ ၂၀း၁၀)။

ထိုအချက်များမှလွဲ၍ ထပ်သိရခြင်းမရှိတော့ပါ။ သို့သော် သိရသမျှက အတော်လေးနှစ်သိမ့်စရာကောင်းပါသည်။ ကောင်းကင်တမန်များနှင့်ပတ်သက်၍ ကျမ်းစာပြောသမျှကို ဟေဗြဲ ၁း၁၄ ဖြင့် ခြုံ၍ပြောနိုင်ပါမည်၊ "ကောင်းကင်တမန်များတို့ကား ကယ်တင်တော်မူခြင်းကျေးဇူးကို အမွေခံရလတံ့သောသူတို့ကို ပြုစုစေခြင်းငှာ စေလွှတ်တော်မူသော အစေခံနံ့ဝိညာဉ်ဖြစ်ကြသည်မဟုတ်လော။" မည်မျှနှစ်သိမ့်စရာကောင်းပါသနည်း!

ထို့ကြောင့် ကောင်းကင်တမန်တို့၏ အဓိကအလုပ်မှာ ဘုရားသခင့်အစေခံများအဖြစ် ဘုရားသခင့်လူတို့ကို ကူညီရန်၊ သူတို့၏ကယ်တင်ခြင်းကို စောင့်ရှောက်ပေးရန်ဖြစ်သည် (ဒံ ၁၀း၁၃၊၁၄၊ ၁၂း၁၊ ဗျာ ၁၂း၇–၁၀)။ ထိုအ

တွက်ကြောင့် ကျွန်တော်တို့ကယ်တင်ခြင်းနှင့်ပတ်သက်သည့် အဖြစ်အပျက်ကြီးတိုင်း၌ ကောင်းကင်တမန်တို့ ပါနေရခြင်းဖြစ်သည်၊ သခင်ခရစ်တော်မွေးဖွားချိန် (လုကာ ၂း၉–၁၄)၊ သဲကန္တာရထဲတွင် စုံးစမ်းနှောက်ယှက်ခံရချိန် (မဿဲ ၄း၁၁)၊ ဂေသရေမန်ဥယာဉ်တွင်း ဝေဒနာခံစားချိန် (လုကာ ၂၂း၄၃)၊ သခင်ယေရှု ထမြောက်ချိန် (လုကာ ၂၄း၄–၇)၊ ကောင်းကင်သို့တက်ကြွချိန် (တမန် ၁း၁ဝ၊၁၁)။ မိမိလူများကို သူ့ထံသို့ သိမ်းယူရန် သခင်ယေရှု ဒုတိယအကြိမ် ပြန်လာချိန်တွင်လည်း ကောင်းကင်တမန်တို့ ရှိနေမည်ဖြစ်သည် (၂သက် ၁း၇)။

ကျွန်တော်တို့၏ကယ်တင်ခြင်းနှင့် အဆုံးသတ်ဂုဏ်ကျက်သရေရှိခြင်းတို့၌ ကောင်းကင်တမန်များ၏ စိတ်ဝင်စားခြင်းကို ကျမ်းစာကပြောပါသည် (၁ပေ ၁း၁၂)။ ကောင်းကင်တမန်တို့သည် ပရောဖက်များက ကြိုတင်ပြောခဲ့သော သခင်ယေရှု၏ဝေဒနာခံစားခြင်းများ၊ ထို့နောက် ဆက်လိုက်လာသော ဂုဏ်ကျက်သရေရှိခြင်းအကြောင်းတို့ကို အလွန်ကြည့်ချင်ကြသည်ဟု ထိုကျမ်းပိုဒ်ကပြောပါသည်။ ကျွန်တော်တို့၏ကယ်တင်ခြင်းအတွက် သူတို့ မည်မျှ ဂရုစိုက်ကြောင်း လှပသောသက်သေဖြစ်သည်။ ထို့ကြောင့် ကောင်းကင်တမန်များ တကယ်ရှိကြောင်း ယုံကြည်ရခြင်းသည် မည်မျှ နှစ်သိမ့်စရာကောင်းပါသနည်း!

လေရှဲက သူ့တပည့် ကောင်းကင်တမန်များကိုမြင်ရန် မျက်စိကို ဖွင့်ပေးခြင်းမျိုး၊ ကျွန်တော်တို့အတွက် မလိုအပ်ပါ(၃ရာ ၆း၁၇)။ သူတို့ကို မမြင်ရသော်လည်း ကျွန်တော်တို့အနီးတွင် ရှိနေကြပါသည်။ ဘုရားသခင်က သူ့နှုတ်ကပတ်တော်ထဲတွင် ပြောပြထားပြီးဖြစ်ပါသည်။

## နတ်ဆိုးများ (Devils)

ကောင်းကင်တမန်များနှင့်ပတ်သက်၍ အဖြေမပေးနိုင်သော မေခွန်းအမြောက်အများရှိသလို၊ နတ်ဆိုးများနှင့်ပတ်သက်၍လည်း အဖြေမပေးနိုင်သော မေးခွန်း အမြောက်အများရှိပါမည်။ သို့သော် ကျွန်တော်တို့ သိသင့်သိထိုက်သည်များကို ကျမ်းစာထဲတွင် ပြောပြထားပါသည်။

နတ်ဆိုးတို့သည် အပြစ်ထဲသို့ ကျဆုံးခဲ့ကြသော ကောင်းကင်တမန်များဖြစ်ကြပါသည်။ ကျမ်းပိုဒ်အတော်များများက စာတန်နှင့်သူ၏နတ်ဆိုးများကို ကောင်းကင်တမန်များဟု ခေါ်နေဆဲဖြစ်ပါသည် (၂ကော ၁၁း၁၄၊ ယုဒ ၆၊ ဗျာ ၁၂း၇–၉)။ ၂ပေ ၂း၄ နှင့် ယုဒ ၆ နှစ်နေရာစလုံးတွင် သူတို့သည် အပြစ်ပြု၍ "မိမိတို့နေရာမှန်ကို မစောင့်ထိန်းသူများ"ဟု ပြောထားသဖြင့်၊ သူတို့၏ ကျဆုံးခဲ့ခြင်းအကြောင်းကို ရှင်းစွာပြည့်စွန်ခြင်းဖြစ်သည်။ ဟေရှာယ ၁၄း၄–၂၃ က စာတန်၏အပြစ်သည် မာနကြီးခြင်း၊ ဘုရားသခင်ကို တော်လှန်ပုန်ကန်ခြင်းဟု ပြောပြပါသည်။

ထိုဟေရှာယကျမ်းပိုဒ်က ဗာဗုလုန်နိုင်ငံဘုရင်ကို ရည်ညွှန်းခြင်းဖြစ်သော်လည်း၊ စာတန်ကိုလည်း ရည်ညွှန်းပါသည်။ အဘယ်ကြောင့်ဆိုသော် ဗာဗုလုန်နိုင်ငံကို နောက်ကွယ်မှ ကြိုးကိုင်သည့်တန်ခိုးသည် စာတန်ဖြစ်ပါသည်။ ထို့အပြင် ဟေရှာယ (၁၄)တခုလုံး၏ ပရောဖက်ပြုခြင်းများက ဗာဗုလုန်ဘုရင်ထက် စာတန်ကိုရည်ညွှန်းနေကြောင်း တွေ့နိုင်ပါသည်။ ထို့ကြောင့် ဟေရှာယ(၁၄)က စာတန်၏ မကျဆုံးခင်နာမည်ကိုပင် ပြောပြပါသည်၊ ထိုစဉ်က သူ့ကို "လူစီဖာ၊ နံနက်သားမိုးသောက်ကြယ်"ဟု ခေါ်ခဲ့ကြသည်။

စာတန်ကျဆုံးခြင်းသည်၊ လူသားမကျဆုံးခင် ဖြစ်ပျက်ခဲ့ပါသည်။ ထို့ကြောင့် စာတန်သည် လူသားကျဆုံးခြင်းကို အဓိကဖြစ်စေသူ ဖြစ်လာသည် (ယော ၈း၄၄)။ ဗျာဒိတ်ကျမ်း ၁၂း၄ ကို စာတန်နှင့်သူ့ကောင်းကင်တမန် များ ကျဆုံးခန်းဟု ယေဘုယျနားလည်ကြသည်။ ထို့ကြောင့် ကောင်းကင်တမန် အမြောက်အများ သူနှင့်အတူ ကျဆုံးခဲ့ကြပါသည်။ သို့သော် အရေအတွက်အရ တကယ့်သုံးပုံတပုံ ကျဆုံးခဲ့ပါသလား? (သို့) နိမိတ်ပုံလား ဆိုသည်ကိုတော့ ပြောရခက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုစာအုပ်ထဲမှ နံပတ်အတော်များများသည် နိမိတ်ပုံများ ဖြစ်ကြသည်။

နတ်ဆိုးတွင် ကြီးသောတန်ခိုးစွမ်းအားရှိပါသည်။ စာတန်ကို ဤလောကကြီး၏ဘုရား၊ အိမ်ရှေ့မင်းသားဟု ခေါ်ပါသည် (ယော ၁၂း၃၁၊ ၂ကော ၄း၄)။ သူ၏တန်ခိုးစွမ်းအား ကြီးလွန်းသဖြင့် မိမိတို့၏ခွန်အားဖြင့် ကျွန်တော်တို့ သူ့ကို မခံနိုင်ပါ (ဖေက် ၆း၁)။ ၁ပေ ၅း၈ က သူ့ကို ဟိန်းဟောက်နေသောခြင်္သေ့ကြီးနှင့် ခိုင်းနှိုင်းပါသည်။ မည်သူ့ကို ကိုက်ဖဲ့စားသောက်ဝါးမြိုပစ်ရမည်နည်းဟု ရှာနေပါသည်။

စာတန်၏တကယ့်တန်ခိုးသည် လိမ်ညာခြင်း၊ ကလိန်ကျခြင်း၊ ဖျားယောင်းခြင်းတန်ခိုး ဖြစ်သည်(ယော ၈း၄၄၊ ဗျာ ၁၃း၁၄၊ မဿဲ ၄)။ အထက်ဖော်ပြသောနည်းလမ်းတို့ဖြင့် ဤကမ္ဘာကြီး၏သားသမီးတို့ကို စာတန်က ကျွန်အဖြစ်ချုပ်ကိုင်ထားသည် (၂ကော ၄း၄)။ သူသည် အသင်းတော်နှင့်ယုံကြည်သူတို့အတွက် တကယ့်ရန်သူကြီးဖြစ်ပါသည်။ သူ၏နာမည်ကိုယ်၌က ထိုအချက်ကိုပြောပြပါသည်။ "စာတန်"ဆိုသည်မှာ "ဆန့်ကျင်သူ" "စွပ်စွဲသူ"ဖြစ်သည်။ "နတ်

ဆိုး”ဆိုသည်မှာ “မကောင်းပြောသူ”ဟု အဓိပ္ပါယ်ရပါသည်။ သူ၏ လိမ်ညာခြင်းများနှင့် မကောင်းပြောခြင်းများကြောင့် သူ့ကို “အပိုလီယွန်” ဖျက်ဆီးသူဟုလည်း ခေါ်ပါသည် (ဗျာ ၉း၁၁)။ သူ၏လိမ်ညာခြင်းဖြင့် ကျွန်တော်တို့၏ ပထမဆုံးမိဘများကို သတ်ဖြတ်ခဲ့ပါသည် (ယော ၈း၄၄)၊ ယနေ့တိုင်အောင် ယောက်ကျားမိန်းမ အများကို ဆက်၍ သတ်ဖြတ်ဆဲဖြစ်ပါသည်။

စာတန်သည် တန်ခိုးကြီးလှသော်လည်း သူ့ကို ကျေးဇူးတော်အားဖြင့် ခုခံတားဆီးနိုင်ကြောင်းသိခြင်းသည် ခရစ်ယာန်တို့အဖို့ အရေးကြီးပါသည်။ ထိုအခါ သူသည် ထွက်ပြေးသွားပါမည်။ ယာကုပ် ၄း၇ က သခင်ယေရှု၏စုံစမ်းခြင်းခံရမှုမှ ကျွန်တော်တို့လည်း မည်ကဲ့သို့ စာတန်ကို ခုခံတားဆီးနိုင်ကြောင်း သင်ပြပေးပါသည်။ ဘုရားသခင် ၏ကျမ်းစာကို သိခြင်း၊ ဝန်ခံခြင်း၊ ဆုတောင်းခြင်းတို့ဖြင့် ခုခံတားဆီးနိုင်ပါသည်။

စာတန်သည် တန်ခိုးကြီးသော်လည်း၊ သူသည် ဘုရားသခင်၏အစိုးရတော်မူသော ထိန်းချုပ်ခြင်း၊ လမ်းညွှန်ခြင်း အောက်၌သာ ရှိနေကြောင်း သိထားရပါမည် (မဿဲ ၁၂း၂၉၊ ဗျာ ၂၀း၂)။ ထို့နောက် သူ့ကို ဆိုးညစ်ခြင်းအမှု ပြုသူများအားလုံးနှင့်အတူ ထာဝရငရဲမီးအိုင်သို့ ချပစ်မည်ဖြစ်သည်(ဗျာ ၂၀း၁၀)။ ထို့ကြောင့် မာတင်လူသာက “ခွန်အားကြီးလှသောရဲတိုက်သည် ငါတို့ဘုရားဖြစ်သည်၊” “အမှောင်ကမ္ဘာ၏အိမ်ရှေ့မင်းသား ခက်ထန်တင်းမာ၏၊ သို့သော် ငါတို့မကြောက်”ဟု သီချင်းဖွဲ့ဆိုခဲ့ခြင်းဖြစ်သည်။

နတ်ဆိုးတို့အကြောင်းအား ကျွန်တော်တို့ထံ သိစေသည့်အကြောင်းမှာ ဘုရားသခင်၏သံကိုယ်ချပ်အင်္ကျီ ဝတ်လျှက်၊ သူ၏မီးမြှားများကို ခုခံနိုင်ရန်ဖြစ်သည်။ ထိုသို့ပြုကြပါမည်၊ မတုန်လှုပ်ကြပါ။

## ခြောက်ရက်အတွင်းဖန်ဆင်းခြင်း(Creation in Six Days)

ယနေ့ခေတ်လူအများက ကမ္ဘာဦးကျမ်း ၁ မှ ၃ တွင် ပြောပြသော ဖန်ဆင်းခြင်းအကြောင်းကို အမှန်ဟု မယူဆကြတော့ပါ။ အံ့ဩစရာတော့မဟုတ်ပါ။ အံ့ဩစရာကောင်းသည်မှာ အချို့ခရစ်ယာန်များကလည်း ကမ္ဘာဦးကျမ်း ၁–၃ ကိုယုံယုံ၊ ဆင့်ကဲဖြစ်ပေါ်မှုသီအိုရီကို ယုံယုံ ဘာမှမထူးပါဟု တွေးလာကြခြင်းဖြစ်ပါသည်။ ကျမ်းစာက မှတ်တမ်းတင်ပေးသော ဖန်ဆင်းခြင်းအကြောင်းသည် တကယ့်သမိုင်းအဖြစ်အပျက်ဖြစ်သည်ဟု လက်ခံခြင်းသည် မရှိမဖြစ်အရေးကြီးကြောင်း ကျွန်တော်တို့ယုံကြည်ပါသည်။ ကျမ်းစာက ဘာကြောင့်အရေးကြီးခြင်းကို ပြပါသည်။

ကမ္ဘာ ၁–၃ကို ငြင်းပယ်ခဲ့လျှင်၊ ကျမ်းစာသည် အစမှအဆုံးတိုင် ဘုရားသခင်ကမှုတ်သွင်းထားသဖြင့် မမှားနိုင်ကြောင်းကို ငြင်းပယ်ရာရောက်ပါသည်။ ၂တိ ၃း၁၆ “ကျမ်းစာရှိသမျှသည် ဘုရားသခင်၏မှုတ်သွင်းတော်မူခြင်းအားဖြင့် ဖြစ်သည်၊”ကို သင် ငြင်းလိုက်ခြင်းဖြစ်သည်။

ထိုမျှမကပါ၊ ထိုသို့ယုံလျှင် အခြားသောကျမ်းပိုဒ်အတော်များများကိုလဲ ငြင်းပယ်ဖို့လိုလာပါမည်။ ထိုသို့ပြုခြင်းဖြင့် ဘုရားသခင်နှင့်သခင်ယေရှုခရစ်တော်သည် လိမ်ညာသူများဖြစ်သည်ဟု ပြောရာရောက်ပါသည်။ ဥပမာ စတုတ္ထပညတ်တော်ကိုကြည့်ပါ၊ “ခြောက်ရက်ပတ်လုံး အလုပ်မျိုးကို ကြိုးစား၍ လုပ်ဆောင်လော့၊ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏၊ အကြောင်းမူကား ထာဝရဘုရားသည် မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင်ဖန်ဆင်း၍ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာ နေတော်မူ၏၊ ထို့ကြောင့် ထာဝရဘုရားသည် သတ္တမနေ့ကိုကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏”(ထွက် ၂၀း၉–၁၁)။ ဘုရားသခင်သူဘာလုပ်ခဲ့ကြောင်း မသိဘဲနေမည်လော?

သင်က လူသားသည် “ဆင့်ကဲပြောင်းလဲမှုဖြင့်”ဖြစ်ပေါ်လာသည်ဟု ထင်နေလျှင် သခင်ယေရှုပြောသော စကားကို တွေးကြည့်ပါ၊ “ကိုယ်တော်က အစအဦး၌ ဖန်ဆင်းတော်မူသောသူသည်၊ ယောကျ်ားနှင့်မိန်းမ နှစ်ယောက်တည်းကို ဖန်ဆင်းတော်မူ၏၊ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကို စွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့်၊ ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်း ဖြစ်ရလိမ့်မည်ဟု ကျမ်းစာဆိုသည်ကို မဖတ်ဘူးကြသလော၊” (မ သဲ ၁၉း၄၊၅)။ သခင်ယေရှုကရည်ညွှန်းသောကျမ်းပိုဒ်တို့မှာ ကမ္ဘာ ၁း၂၇၊ ၂း၂၄ တို့ဖြစ်သည်။ သခင်ယေရှုက ကမ္ဘာဦးကျမ်း၏ ပထမအခန်းကြီး(၂)ခန်းကို မှန်သည်ဟု ယုံကြည်ပါသည်။ ကျွန်တော်တို့လဲ ယုံကြည်သင့်သည် မဟုတ်လော?

လူသည် ဆင့်ကဲပြောင်းလဲမှုဖြင့် ဖြစ်လာသည်ဟု သင်ယုံကြည်လျှင်၊ တကယ့်အာဒံ မရှိပါဟု ယုံလာရပါမည်၊ ထိုအခါ အပြစ်ထဲကျဆုံးသွားမှုမရှိ၊ မူလအပြစ်မရှိဟု ပြောလာရပါမည်၊ ၎င်းတို့ကို သင်ပေးသော ရောမဩဝါဒစာ အခန်းကြီး(၅)သည် မဖြစ်နိုင်ပါဟု ပြောရတော့မည်ဖြစ်သည်။ ထိုကျမ်းပိုဒ်က တကယ့်လူသား အာဒံရှိခဲ့သည်၊ သူ အပြစ်ထဲ ကျဆုံးခဲ့သည်၊ သူ့အားဖြင့် အပြစ်နှင့်သေခြင်းသည် လူသားတရပ်လုံးထံရောက်လာသည်ဟု ပြောနေပါသည်။ ကမ္ဘာသီးကျမ်း ၁–၃ ၏မှန်ကန်မှုကို ငြင်းပယ်ခြင်းသည်၊ တကယ့်လူသားတယောက်ရှိခဲ့ဘူးသည်ကို ငြင်းနေ

ခြင်းဖြစ်သည်၊ ထို့ကြောင့် အပြစ်နှင့်သေခြင်းအတွက် အဖြေမရှိခြင်းဖြစ်သည်။ ထို့အပြင် ပထမဆုံးလူသားအာဒံ ရှိခဲ့ကြောင်းငြင်းလျှင်၊ နောက်ဆုံးအာဒံဖြစ်သော သခင်ယေရှုကို မည်သို့ယုံကြည်နိုင်မည်နည်း? သူ့အားဖြင့်သာ ကယ်တင်ခြင်းရှိသည်ကို မည်သို့ယုံနိုင်မည်နည်း? (၁ကော ၁၅း၄၅၊၄၇)။

ကမ္ဘာဦးကျမ်း၏ ဖန်ဆင်းခြင်းအကြောင်းကို ငြင်းပယ်လျှက်၊ သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်ခြင်းသည် မဖြစ်နိုင်သောကိစ္စဖြစ်ပါသည်။ ခရစ်တော်သည် နောက်ဆုံးအာဒံ ဖြစ်ယုံသာမကပါ၊ ဖန်ဆင်းခြင်းအကြောင်း၊ အပြစ်ထဲကျဆုံးခြင်းအကြောင်းတို့ကြောင့်သာ သူ့ကို လိုအပ်ရခြင်းဖြစ်ပါသည်။ ပထမဆုံးအာဒံ မရှိခဲ့ပါဟု ဆိုခြင်းသည်၊ အပြစ်ထဲသို့ ကျဆုံးခဲ့ခြင်းလဲ မရှိခဲ့ပါဟု ဆိုရာရောက်ပါသည်။ အာဒံ့ထံမှဆင်းသက်လာသော မူလအပြစ် မရှိပါ၊ ထို့ကြောင့် ခရစ်တော်လဲ မလိုအပ်ပါဟု ပြောခြင်းဖြစ်ပါသည်။ သူသည် လူသား၏ဆင့်ကဲဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်တွင် မှားယွင်းနေခြင်းတခုခုကို မှန်အောင်ပြင်ပေးပေးဖို့သာ လာရောက်လျှက်၊ အသေခံတော်မူခဲ့ခြင်းတော့ မဟုတ်ရပါခြေ။

ဖန်ဆင်းခြင်းကိုယုံကြည်မှုဩဝါဒနှင့် ဆင့်ကဲဖြစ်ပေါ်ပြောင်းလဲမှုဩဝါဒကြားရှိ ခြားနားမှုသည် အရေးကြီးလှပါသည်။ ကယ်တင်ခြင်းနှင့်ပတ်သက်သည်အထိ အရေးကြီးပါသည်။ ထိုသို့ပြော၍ ထိုဝါဒဖြင့် လိမ်ညာခြင်းခံနေကြရသော တကယ့်ယုံကြည်သူများ မရှိပါဟု ပြောခြင်းတော့မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်တို့သည် ဖန်ဆင်းခြင်းနှင့် ဖန်ဆင်းသူကို ယုံကြည်ကြရပါမည်။ ထိုအကြောင်းကို သင်ပေးသော ကျမ်းစာနှင့်သခင်ခရစ်တော်ကို ယုံကြည်ကြပါမည်၊ သူသည် ဖန်ဆင်းရှင်ဖြစ်ပါသည် (ယော ၁း၃)၊ ဘုရားသခင့်ကျေးဇူးတော်အားဖြင့် ဖန်ဆင်းခြင်းအကြောင်းကို ယုံ ကြည်ကြလျှက်၊ မိမိတို့၏ကယ်တင်ခြင်းလိုအပ်မှုကို သိလာကြသူများ၏ ကယ်တင်ရှင်လည်း ဖြစ်တော်မူပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++++

## ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၁၆)

### ၆း၉–၁၁

၉ – ပဉ္စမတံဆိပ်ကိုဖွင့်သောအခါ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကြောင့်၎င်း၊ မိမိတို့သက်သေခံချက်ကြောင့်၎င်း၊ အသေသတ်ခံခြင်းကို ခံရသော သူ တို့၏ ဝိညာဉ်များကို ယဇ်ပလ္လင်အောက်၌ ငါမြင်၏။ ၁၀ – သူတို့ကလည်း၊ သန့်ရှင်းဟုတ်မှန်၍ အစိုးပိုင်တော်မူသောအရှင်၊ မြေပေါ်မှာ နေသောသူတို့သည် ငါတို့အသွေးကို သွန်းခဲ့ကြသော အပြစ်နှင့်အလျှောက် ဒဏ်မပေးဘဲ အဘယ်မျှလောက်ကာလပတ်လုံး နေတော်မူမည်နည်းဟု ကြီးသောအသံနှင့် ကြွေးကြော်ကြ၏။ ၁၁ – ထိုသူတို့၌ ဖြူသောဝတ်လုံကို ပေးတော်မူ၏။ သူတို့နည်းတူ အသတ်ခံခြင်းကို ခံရလတံ့သော မိမိလုပ်ဘော်ဆောင်ဘက် ညီအကို တို့သည် ပြည့်စုံခြင်းသို့ မရောက်မှီ၊ ခဏငြိမ်သက်စွာ နေရကြဦးမည်ဟု သူတို့အား မိန့်တော်မူ၏။

### ပလ္လင်တော်အောက်မှ ဝိညာဉ်များ၏ဟာစ်ကြွေးမှု

၁။ ပဉ္စမတံဆိပ်သည် အရင်တံဆိပ်လေးခုနှင့် လုံးဝခြားနားကြောင်းတွေ့ရပါသည်။ အရင်တံဆိပ်များကဲ့သို့ မြေကြီးကို လုံးဝမထိခိုက်၊ ၎င်းတံဆိပ်ဖွင့်သောအခါ၊ ကောင်းကင်၌ဖြစ်ပါသည်။ လှပခန်းနားခြင်းအဖြစ်သို့ရောက်ကြပြီးယုံကြည်သူတို့အကြောင်းကို တွေ့ရသည်။ ထိုအချက်ကို အသင်းတော်–သမိုင်းကြောင်းအနက်ဖွင့်ခြင်းဝါဒီ(church-historical method of interpretation)များက ငြင်းပယ်ကြသည်။ သူတို့က ဤတံဆိပ်ဖွင့်သောအချိန်သည်၊ ရောမကေရာဇ် ဒိုင်အိုကလီရှန်း လက်ထက် အသင်းတော်များကိုနှိပ်စက်ညှင်းပန်းချိန်(အေဒီ ၃၈၀ ခန့်)တွင်ဖြစ်သည်၊ (သို့) ဝဲလ်ဒန်းစီးစ်ခရစ်ယာန်(Waldenses)များကို ရိုမန်ကက်သလစ်တို့က နှိပ်စက်ကြချိန် (အေဒီ ၁၃၀၀ ဝန်းကျင်)တွင် ဖြစ်သည်ဟု ပြောကြပါသည်။ သို့သော် ထိုအရာများမဟုတ်ပါ၊ သခင်ခရစ်တော်အတွက် သေပြီးခဲ့ကြသူများ၏ဆုတောင်းခြင်းဖြစ်ပါသည်။

ဤဆုတောင်းခြင်းသည် ဘုရားသခင်၏အမိန့်တော်များမှနေ၍ထွက်ပေါ်လာခဲ့ကြောင်း ပြသနေပါသည်(စာအုပ်မှနေ၍)။ ထိုဆုတောင်းကို သခင်ယေရှု၏ကိုင်တွယ်ခြင်းအောက်သို့ ပို့ဆောင်ပါသည် (စာအုပ်ကိုဖွင့်သူ)။ ဆဌမမြောက်တံဆိပ်ဖွင့်သည့်အခါ ရောက်လာမည်အရာများနှင့် ဆက်နွယ်နေပါသည်။ လှပခန်းနားခြင်းအဖြစ်သို့ရောက်ကြပြီး သန့်ရှင်းသူများ ကမ္ဘာကြီးအားစီရင်ခြင်းတွင် ပါဝင်ကြမည်ဖြစ်သည်။ သူတို့သည် ခရစ်တော်နှင့်အတူ စိုးစံနေကြပြီ

ဖြစ်သည်။ သူတို့၏ဆုတောင်းသံများသည် ဘုရားသခင့်ပလ္လင်တော်သို့ မွှေးကြိုင်သောရနံ့အဖြစ် တက်သွားကြပါသည်။ သူတို့ဆုတောင်းများကို အဖြေပေးပုံမှာ ကမ္ဘာကြီးကို တရားစီရင်ခြင်းဖြင့်ဖြစ်သည်။

၂။ ယောဟန်က ယဇ်ပလ္လင်အောက်ရှိ "အသေသတ်ခံခြင်းကိုခံရသော သူတို့၏ဝိညာဉ်များကို"မြင်သည်ဟုပြောသည်။ထိုဝိညာဉ် များတွင် ခန္ဓာကိုယ်မပါပါ။ သူတို့၏ကမ္ဘာပေါ်နေထိုင်ခဲ့ရသည့်ဘဝများကို သူတို့ရန်သူများက အတင်းအဓမ္မ တို့ တောင်းစေခဲ့ကြခြင်း ဖြစ်သည်။ သူတို့သည် ခရစ်တော်အတွက် မာတုရ(အာဇာနည်)များအဖြစ် သေခဲ့ကြသည်။ ထိုအချက်ကို ယဇ်ပုလ္လင်အောက်တွင်မြင်ရသည်ဆိုသည်က ပြောပြနေပါသည်။ ယဇ်ပုလ္လင်ဆိုသည်မှာ မီးရှို့ရာယဇ်ပူ ဇော်သောနေရာဖြစ်သည်။ ယဇ်ကောင်များ၏အသွေးကို ပလ္လင်၏အခြေသို့လောင်းလေ့ရှိသည်။ ထို့ကြောင့် ပလ္လင် အောက်မှ ဝိညာဉ်များက အသွေးနှင့်ပူဇော်သောဖြန်ဖြေပေးခြင်းကို အားကိုးကြသည်ဟု ဆိုလိုခြင်းမဟုတ်၊ သူတို့၏ အသက်တာများကို ဘုရားသခင့်အမှုတော်အတွက် ယဇ်ပူဇော်ခြင်းကဲ့သို့ အသုံးပြုခဲ့ကြသည်ကို ပုံဆောင်သည်။
ထို့ကြောင့် သူတို့ကို "ဘုရားသခင်၏နှုတ်ကပတ်တော်ကြောင့်၄င်း၊ မိမိတို့ သက်သေခံချက်ကြောင့်၄င်း" အသတ်ခံရသူများဟုခေါ်ခြင်း ဖြစ်သည်။ သူတို့သည် ဘုရားသခင့်နှုတ်ကပတ်တော်ကို စကားဖြင့်၄င်း၊ အသက်ရှင်ခြင်းဖြင့်၄င်း သက်သေခံခဲ့ကြ သည်။ သူတို့လက်ခံရရှိသော သခင်ယေရှု၏သက်သေခံခြင်းကို သစ္စာရှိခဲ့ကြပြီ၊ ထို့ကြောင့် ကမ္ဘာကြီးက သူတို့ကို မုန်းသည်။ နှိပ်စက်သည်၊ သတ်သည်။ ဤသန့်ရှင်းသူများက အဖွဲ့အစည်းတခုခုကို မရည်ညွှန်းပါ၊ ခရစ်တော်၏ အ သင်းတော်တခုလုံးကိုခြုံငုံပါသည်။ သန့်ရှင်းသူတို့သည် သေပြီးသည်နှင့်ဆက်၍အသက်ရှင်နေကြပါသည်။ ကမ္ဘာပေါ် ရှိနေခဲ့ကြစဉ်တွင် "သခင်ဘုရား၏နေ့"ရောက်လာဖို့ မျှော်လင့်လျှက်၊ ဆုတောင်းနေခဲ့ကြပါသည်။
၃။ သူတို့၏ဆုတောင်းသံသည် ကျယ်လောင်လှပါသည်။ ထို့ကြောင့် လူအမြောက်အများဖြစ်ပါမည်။ သူတို့ဆုတောင်းခြင်းက အလျှင်အမြန်လုပ်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။ သူတို့သည် ဘုရားသခင်ကို "သခင်"ဟု လိပ်မူပါသည်၊ "သခင်ဖြစ်ခြင်း၊ အစိုးရတော်မူခြင်း၊ အုပ်စိုးသူဖြစ်ခြင်း"ကိုပြောပါသည်။ "သန့်ရှင်း၍၊ ဟုတ်မှန်သူ" ဟုလည်း လိပ်မူပါ သည်၊ သန့်ရှင်းသူဖြစ်၍ သူ့လူများအတွက် လက်စားချေပေးမည်ဖြစ်သည်၊ ဟုတ်မှန်သူဟုပြောရခြင်းမှာ သူတပါး တည်းသာလျှင် ကောင်းကင်နှင့်မြေကြီးကို တကယ်အစိုးရတော်မူသူဖြစ်သည်ဟုပြောခြင်းဖြစ်သည်။
ကမ္ဘာမြေကြီးပေါ်နေထိုင်သူတို့ကို သူတို့၏အသွေးများအတွက် လက်စားချေဖို့ ဆုတောင်းခြင်းသည်၊နောက်ဆုံးသော တရားစီရင်ချိန်ကို ပြောခြင်းဖြစ်သည်။ သခင်ခရစ်တော်၏အမှုတော်မြတ်နှင့် အသင်းတော်ကို မတရားနှိပ်စက်သူများထံ နောက်ဆုံးတွင်ရောက်မည်ဖြစ်သည်။ ဆုတောင်းခြင်းတွင် "မည်မျှကြာအောင်"ဟုပါသဖြင့် မစောင့်နိုင်တော့ခြင်းသဘောကိုတွေ့ရလျှက်၊ ချက်ချင်းဆောင်ရွက်ပေးမည့်သဘောကိုတွေ့ရပါသည်။
ထိုသို့ဆုတောင်းခြင်းသည်၊ မိမိရန်သူကိုချစ်ပါ ဆိုသောကျမ်းပိုဒ်နှင့် ဆန့်ကျင်မနေပါ။ ထိုဆုတောင်းသည် ဘုရားသခင့်ရန်သူများနှင့်သူ့အသင်းတော်၏ရန်သူများအပေါ် တရားမျှတစွာ တရားစီရင်ချိန် နောက်ဆုံးသောတရားစီရင်ခြင်းကိုပြောနေခြင်းဖြစ်သည်။ ဘုရားသခင်၏သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်းတို့နှင်ပတ်သက်သောတရားစီရင်ခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် ခရစ်တော်၏အသွေးတော်နှင့်၊ ယုံကြည်သူတို့၏သွေးများအတွက် ဖြောင့်မတ်စွာ ကိုင်တွယ်ရမည်ဖြစ်ပါသည်။ မိမိတို့ရန်သူကိုချစ်ခြင်း ဆိုသည်မှာ သူတို့ကယ်တင်ခြင်းရရန် ဆုတောင်းပေးခြင်းဖြစ်ပါသည်။

၄။ ထိုဆုတောင်းကို အဖြေပေးပါသည်။ သန့်ရှင်းသူအယောက်တိုင်းကို ဖြူသောဝတ်ရုံပေးသည်။ ပြည့်စုံသောဖြောင့်မတ်ခြင်း၊ ဂုဏ်ကျက်သရေ၊ အောင်မြင်ခြင်းတို့ကို ပုံဆောင်သည်။ ထို့ကြောင့် သူတို့ကို ဖြောင့်မတ်ရာသို့ရောက်စေသည်၊ လှပခန်းနားခြင်းသို့ရောက်စေသည်ဟု ပြောခြင်းဖြစ်သည်။ ဘုရားသခင်က သူတို့၏အသက်ရှင်ခဲ့မှုအတွက် တရားစီရင်ရခြင်းကို တရားမျှတသောတရားစီရင်ခြင်းဟု မှတ်ယူတော်မူသည်။
သူတို့ကို ခဏစောင့်ကြပါဟု ပြောပါသည်။ လက်ရှိခံစားနေရသော ဂုဏ်ကျက်သရေရှိသောအဖြစ်၌ အနားယူကြပါဟုပြောပါသည်။ စီရင်ရသောအချိန်သည် မကြာခင်ရောက်လာမည်၊ သခင်ဘုရားသည် အလျှင်အမြန်လာမည်ဖြစ်သည်။ ရွေးကောက်ထားသူများအားလုံး မပြည့်စုံကြသေး၍ဖြစ်သည်။

==================================================================

ဟေဗြဲ ၃း၁–၆ (ဂျိန်းဘုရင်မူ)

၁ – ထို့ကြောင့် ကောင်းကင်ဘုံနှင့်ဆိုင်သော ခေါ်ခြင်းကို ပါဝင်ဆက်ဆံကြရသည့် သန့်ရှင်းသောညီအကိုတို့၊ ငါတို့ဖွင့်ဟထုတ်ဖေါ်ပြောဆိုသော တမန်တော်နှင့်ယဇ်ပုရောဟိတ်မင်းကြီးဖြစ်သည့် ခရစ်တော်ယေရှုကို ဆင်ခြင်ကြလော့၊

၂ – သူ့အား ခန့်အပ်သူထံ သစ္စာရှိသည်၊ သူ၏အိမ်နှင့်ပတ်သက်သမျှအားလုံး၌ သစ္စာရှိခဲ့သော မောရှေ ကဲ့သို့ဖြစ်သည်။

၃ – အဘယ်ကြောင့်ဆိုသော် ဤသူကို မောရှေထက် ပို၍လုပခန်းနားခြင်းနှင့်ထိုက်တန်သူဟု သတ်မှတ်ပါသည်၊ အိမ်ကို ဆောက်သောသူသည် ဆောက်သောအိမ်ထက် ပို၍ဂုဏ်ကျက်သရေ ရှိသကဲ့သို့ဖြစ်သည်။

၄ – အဘယ်ကြောင့်ဆိုသော် အိမ်တိုင်းကို တစုံတဦးက ဆောက်ရပါသည်၊ သို့သော် ရှိသမျှအားလုံးကို ဆောက်သူမှာ ဘုရားသခင် ဖြစ်ပါသည်။

၅– ထို့အပြင် မောရှေသည် အစေခံတယောက်သဖွယ် သူ၏အိမ်နှင့်ပတ်သက် သမျှအားလုံး၌ အမှန်ပင် သစ္စာရှိခဲ့ပါသည်၊ အဘယ်ကြောင့်ဆိုသော် နောက်မှသာပြောဆိုရမည် အကြောင်းအရာတို့ကို သက်သေခံဖြစ်စေရန် ဖြစ်သည်။

၆ – သို့သော် ခရစ်တော်သည် သားဖြစ်သဖြင့် သူ၏ကိုယ်ပိုင်အိမ်အပေါ် စိုးမိုးပါသည်၊ ကျွန်တော်တို့သည် သူ၏အိမ်ဖြစ်ပါသည်၊ ကျွန်တော်တို့သည် ယုံကြည်စိတ်ချမှုနှင့် ခိုင်မာစွာဆွဲကိုင်လျှင်၊ မျှော်လင့်ခြင်း၏ဝမ်းမြောက်မှုဖြင့် အဆုံးတိုင်အောင် ခိုင်မြဲလျှင် ဖြစ်သည်။